
mgyoe.com
SAMPLE BOOK

# နှင်းဝင်းဈေ

## နိုးတစ်ဝက်အိပ်မက်



mgyoe.com SAMPLE BOOK




image : fuu j - unsplash

mgyoe.com

SAMPLE BOOK

နီးတစ်ဝက် အိပ်မက်၊ နိုင်ဝင်းဆွေ
စာမျက်နှာ ၅၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇူလိုင်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
[ပထမအကြိမ်- ၁၉၇၂၊ မိုးဇော်စာပေတိုက်၊
ဒုတိယအကြိမ်- ၂၀၁၁၊ စိတ်ကူးချိုချို]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



ပန်းချီတင်လှဝင်း၏လက်ရာ
ပထမအကြိမ်ထုတ် မျက်နှာဖုံး

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ်
ထုတ်ဝေစဉ်က
ဝတ္ထုတိုများ
ပါဝင်ခဲ့သော်လည်း
ဝတ္ထုတိုပေါင်းချုပ်စာအုပ်
ထွက်ရှိပြီး
ဖြစ်သောကြောင့်
ဤဝတ္ထုလတ်
တစ်ပုဒ်တည်းကိုသာ
ဒုတိယအကြိမ်အဖြစ်
ထုတ်ဝေလိုက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အစီရင်ခံစာ

၁၉၄၉ ခုနှစ် ဖြူနီညီပြာ ရောင်စုံသူပုန်သူကန်များ ထကြွမှု ကြောင့် ရန်ကုန်အစိုးရဟု သရော်ခံရသည့်အချိန်က ကျွန်တော့် တပ်မှူးဖြစ်ခဲ့သော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးမင်းခေါင် (ပြည်ထဲ ရေးဝန်ကြီးဟောင်း) ဦးစီးထုတ်ဝေသည့် ရွှေတုဂျာနယ် အတွဲ ၁၊ အမှတ် ၁၅ တွင် **'မသိန်းရှင်ဆီ သွားကြပါ'** ဆောင်းပါး ရေးခဲ့သော်လည်း စာရေးဆရာ နိုင်ဝင်းဆွေကို ကျွန်တော် မမြင် ဖူး၊ မတွေ့ဖူး၊ မသိဖူးပါချေ။ သို့သော် စာရေးသူတစ်ယောက် အနေနှင့် သူ့ဝတ္ထုအချို့ကို ရင်းနှီးပြီးသားဖြစ်နေသည်။

ကျွန်တော်တို့အသိုင်းအဝိုင်း၌ ဝိသေသတစ်ခုရှိသည်။ မြန်မာစာဖြစ်စေ၊ အင်္ဂလိပ်စာဖြစ်စေ ကောင်းမွန်သောစာအုပ်များ ဖတ်မိလျှင် တစ်ယောက်ကိုတစ်ယောက် အကြောင်းကြားလေ့ရှိ သည်။ နိုင်ဝင်းဆွေ၏ **'မသိန်းရှင်ဆီပို့ပေးပါ'** ဝတ္ထုကောင်း ကြောင်း **ယုဝတီကြည်ဝေ**အား ကျွန်တော် ဖောက်သည်ချလိုက် သည်။ ဝတ္ထုဖတ်ပြီးနောက် နိုင်ဝင်းဆွေသည် ၂၀ ရာစုနှစ်တွင် အကောင်းဆုံး စာရေးဆရာတစ်ဦးဖြစ်ကြောင်း ယုဝတီ ကြည်ဝေ က အကဲဖြတ်၍ ချီးကျူးခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်နေ့တွင် ရုပ်ရှင်ချစ်သူမဂ္ဂဇင်းသို့ ပို့ထားသော နိုင်ဝင်းဆွေ၏ 'နိုးတစ်ဝက်အိပ်မက်' ဝတ္ထုရှည်ကို ကျွန်တော့်အား **ဆရာ ရန်ကုန်ဘဆွေ**က ပေး၍ဖတ်စေသည်။ ၎င်းပြင် လုံးချင်းအဖြစ် ထုတ်ဝေသင့်ကြောင်း ပြောသည်။ ကျွန်တော် ဖတ်ကြည့်၏။ ဝတ္ထုသြ အတွေးအခေါ်ပါသည်။ ဇာတ်လမ်း ဆန်းသစ်သည်။ ကြိုက်ပါ၏။ ထို့ကြောင့် နိုင်ဝင်းဆွေနှင့် ဆက်သွယ်ရန်လိုအပ်လှသည်။ နောက်ဆုံး ကလောင်ရှင် **မြတ်လွန်း**နှင့် ဒဂုန်မောင်သျှင်သူ၏ ကူညီပေးမှုဖြင့် ကျွန်တော်နှင့် နိုင်ဝင်းဆွေစာချင်း အဆက်အသွယ်ရသည်။ သူက တောင်ငူမှာ နေသည်။

ထိုအတောအတွင်း စာဆိုတော်နေ့ စာပေဟောပြောရန် စစ်တောင်း၊ ကျိုက်ထို၊ တောင်ဇွန်းဘက်သို့ ကျွန်တော် ခရီးထွက်ခဲ့ရပြန်သည်။ အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော **မမြို့မိုးကြည်** နှင့် **ပွင့်လန်း** (သတ္တုတွင်း) လည်း ပါသည်။ စာပေခွင်မှ ယနေ့ ပြည်သူလူထုက စားဝတ်နေရေးဒုက္ခများကို အသီးသီး ဖော်ထုတ်တင်ပြပေးခဲ့ကြသည်။

ထိုမှအပြန် ၂၁-၁၂-၇၁ ရက်နေ့တွင် ကျွန်တော်ရှိလေရာ မိုးဇော်စာပေတိုက်သို့ နိုင်ဝင်းဆွေ ရောက်လာသည်။ တစ်ဦးနှင့်တစ်ဦး ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။

ဘူးတောင်းနစ်၍ စောင်ခြမ်းပေါ် ဆိုသကဲ့သို့ ယနေ့စာပေလောက၌ ဝမ်းနည်းစရာဖြစ်နေရသည်။ ဦးတည်ချက်၊ အကြောင်းအရာနှင့် အရေးအသားကောင်းမွန်သော စာအုပ်များမစွံဘဲ မျက်နှာဖုံးလှလှ၊ အတွင်းသော်သေသပ်သပ်နှင့် ကြော်ငြာအားရှိသော စာအုပ်များသာ တွင်ကျယ်နေကြသည်။ ယင်းလက္ခဏာအတွက် အဓိက တာဝန်အရှိဆုံးမှာ ချစ်စွာသော စာဖတ်ပရိသတ်ကြီးပင်ဖြစ်သည်။ ဤနေရာတွင် စာဖတ်ပရိသတ်ကြီး၏ အားပေးမှုမှန်ကန်ဖို့ အရေးကြီးသည်။ အပေါ်ယံကြောကို မကြည့်ဘဲ အတွင်းဘက်ဝင်ပြီး စာကောင်းများ ရွေးချယ်ဖတ်ရှုလက်ခံသွားရန် လိုကြောင်း စေတနာထားအပ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဆက်တည်းပင် နိုင်ဝင်းဆွေ၏ 'နီးတစ်ဝက်အိပ်မက်' ကို စာဖတ်ပရိသတ်ကြီး ဖတ်ကြည့်စေချင်သည်။ ဝေဖန်စေချင်သည်။ ဆုံးဖြတ်စေချင်သည်။ သို့ပါ၍ လုံးချင်းစာအုပ်ထုတ်ဝေရန် မိုးဇော်စာပေတိုက်ပိုင်ရှင် ဦးထွန်းအောင်အား ကျွန်တော်တာဝန်လွှဲအပ်လိုက်သည်။ သို့ဖြင့် 'နီးတစ်ဝက်အိပ်မက်' အကောင်အထည် ပေါ်လာရတော့သည်။

ချစ်စွာသော စာဖတ်ပရိသတ်ကြီးအတွက် ယင်းသို့ ဆောင်ရွက်ပေးနိုင်ခဲ့ရခြင်းသည် ကျွန်တော့်ရင်မှာ လမင်း ၁၀၀ သာနိုင်ပြီ ထင်ပါသည်။ ။

ချစ်ကြည်စွာဖြင့်
**မြှောင်းမြဘဆွေ**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နှိုးတစ်ဝက်အိပ်မက်

အိပ်မက် မက်နေစဉ်ချိန်၌ ငါသည် မှေးစက်စပင် ရှိသေးသည်။ နိုးတစ်ဝက်၊ အိပ်တစ်ဝက် အိပ်မက်မက်နေရင်း "အိပ်မက်မက်နေတာပါ" ဟူ၍ တွေးလိုက်မိသောအခါ ငါ ပြုံးချင်နေပါသည်။ အိပ်မက်ဆိုတာ စိတ်ကူးပဲ မဟုတ်လား။ စိတ်ကူးတို့၏ အောက်အခြေခံမှာ တကယ့်ဘဝဖြစ်နေပြီဆိုလျှင် အိပ်မက်သည် တကယ့်ဘဝကို ထင်ဟပ်ထားမှုသာ ဖြစ်ပေလိမ့်မည်။

တကယ့်ဘဝမီးလျှံ၏ စွယ်ညွှန့်ခက်ပွားအဖြစ်ဖြင့် အိပ်မက်ရုပ်လုံးမှာ ရုပ်လုံးကြွလာနေပါပြီ။

အိပ်မက်သည် ဆက်၍မက်နေ၏။ တစ်နေရာ၌ အိပ်မက်အဆုံးသတ်သောအခါ ငါသည်လည်း ကြည်လင်စွာ နိုးနေပါသည်။ အိပ်မက်ကို ပြန်လည်သုံးသပ်နေသည်။ စစ်တမ်းထုတ်နေပါသည်။ အားလုံး တစ်ခုမကျန် တစ်စမကျန် သတိရနေသည်။ ထင်ရှားကြည်လင်သည်။ ထိုသို့ ထိုသို့ ပြန်၍တွေးနေရင်း၊ တွေးနေရင်းပင် ငါသည် တစ်ဖန် ငိုက်မှေးစပြုလာပြန်သည်။

တစ်ဖန် ဤအိပ်မက်သည်ပင် ပြန်၍ ပေါ်ပေါက်လာနေပြန်ပါသည်။ ငါကား အိပ်မပျော်သေး။ နိုးတစ်ဝက်ပင် ရှိသေးသည်။

အိပ်မက်ထဲတွင် ငါသည် ပန်းချီကားတစ်ချပ်အပေါ်တွင် အပြီးသတ်စုတ်ချက်များကို သွက်သွက်ရေးချနေသည်။

ပန်းချီကားတစ်ချပ်ကား အဆုံးသတ်သွားပေပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


ငါသည် လက်တွင်းမှ စုတ်တံများကို စုတ်ခွက်ထဲ ထိုးနှစ်စုပ်လိုက်သည်။ ငါ့စိတ်များမှာ ဖက်ရွက်ကလေးတစ်ရွက် လေနောက်ပါသွားသလို ဝေ့ပါးကြည်လင်သွားသည်။

"ပြီးပါပြီကွယ်၊ အဝတ်လဲနိုင်ပါပြီ"

ငါသည် သူ့ဘက်လှည့်မကြည့်ဘဲ ခပ်တိုးတိုး ပြောနေသည်။ ငါသည် ခဏမျှ ငြိမ်သက်မိန်းမောနေပြန်သည်။ သူ၏ အဝတ်လဲနေသံကို ကြားနေရသည်။ အဝတ်လဲနေပုံမှာ နှေးကွေးလွန်းသည်။ အစောက ပန်းချီရေးဆွဲနေစဉ်၌ သူသည် စံပြမယ်ကလေးအဖြစ်ဖြင့် နိုင်လွန်ပဝါပါးတစ်ခုသာ သူ့ကိုယ်ပေါ်မှာ ရစ်ပတ်ထားသည်။

ပန်းချီရေးဆွဲနေဆဲ၌ ငါသည် အနုပညာရှာန်ဝင်စားကာ ရဟန္တာပကတိစိတ်ဖြင့် တည်ငြိမ်နေခဲ့ပါသည်။ ခုတစ်ခဏတွင်မူ ငါ့နှလုံးသားပေါ်တွင် ယာယီလာနားနေခဲ့သော အနုပညာဝိညာဉ်သည် ခိုကလေးတစ်ကောင် ပျံထွက်သွားသလို ထွက်သွားပါပြီ။ ခုအခါ၌ကား ငါသည် သွေးသားပြည့်စုံသော၊ ယောကျ်ားပီသသော၊ ရဟန္တာမဟုတ်သော လူသားစင်စစ်တစ်ယောက် အဖြစ်သို့ တစ်ဖန် ပြန်ရောက်သွားပေပြီ။ ထိုပြောင်းလဲမှုကို ငါသည် မလစ်သော သတိဖြင့် ဆင်ခြင်တွေးဆမိပါသည်။

"လဲပြီးပါပြီ ဆရာ၊ တံခါးတွေ ဖွင့်လိုက်တော့မယ်နော်၊ စိတ်ကို အိုက်သွားတာပဲ၊ မောသွားတာပဲရှင်"

သူ တံခါးများဖွင့်ပြီးမှ ငါ သူ့ရှေ့သို့ လျှောက်သွားသည်။ သူသည် ငါ့ကိုကြည့်ရင်း မိုနာလီဇာလို ပြုံးနေသည်။ သူ ရပ်နေသည့်နံရံ၌ အခြားပန်းချီကားများကိုပါ ရောနှောချိတ်ထားရာ သူ့ကိုပင် ငါသည် "ပန်းချီကားတစ်ချပ်ပေပဲ" ဟု အိပ်မက်ဆန်သောအတွေးဖြင့် တွေးကြည့်လိုက်မိပါသည်။

ငါ့စိတ်၌မူ သူ့ကို ငါ့သမီးကလေးလိုပဲ ယုံနေပါသည်။ ငါသည် သူ့လက်ကို ဆွဲကိုင်ပြီး တိုက်အပြင်ဘက် ဝရန်တာသို့ ဆွဲခေါ်လာခဲ့သည်။

ဝရန်တာ၌ သူနှင့်ငါ ရပ်နေပုံမှာ စိတ်ကူးယဉ်အိပ်မက်များ ဆန်နေသလားဟု တွေးမိရင်း ငါသည် ပြုံးရိပ်ရိပ်ဖြစ်နေမိသည်။

ငါ့အနုပညာ ကျောက်တိုက်ကလေး၏ ဝရန်တာသည် ယမုံသီတာရေပြင်ပေါ်သို့ အစွန်းထွက်နေသည်။ အံစိမ်းရင့်ရောင် မြစ်ရေပြင်မှ ရေလှိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


ကြက်ခွပ်ကလေးများ တဖျပ်ဖျပ် ရိုက်နေသံမှာ မိုးဇတ်၏ တေးဂီတသံ ဖြစ်လေမလား မပြောတတ်ပေ။

ဆည်းဆာရောင်လင်းနေသော ယမုံသီတာ မြစ်ပြင်ပေါ်၌ ရွက်လှေ အဖြူကလေးများသည် ငှက်များ အနေးပျံသန်းသလို လွင့်နေကြ၏။

"ဒီနေ့မှကွယ်... မင်းဟာ သိပ်လှနေတယ်၊ မင်း လှတယ်ဆိုတာတော့ စောစောကတည်းက ငါသိပါတယ်။ ဒါပေမဲ့ ဒါလောက်လှလိမ့်မယ်လို့ ငါ တစ်ခါမှ မတွေးမိသေးဘူး၊ မင်း ခုလိုပြုံးနေတော့ မင်းရဲ့သွားစွယ်ကလေး တွေ ပေါ်လာနေတယ်၊ ဖြူနုစ်တဲ့ သွားစွယ်ကလေးတွေပေါ်မှာ အနက်ပြောက် မှဲ့စွန်းကရလေးတစ်ခု ပေါ်နေတယ်၊ ဒါကြောင့် အလှတရားဟာ ငြိမ်သက် သွားတယ်၊ တည်ငြိမ်သွားတယ်၊ ရွေ့လျောခြင်းသဘော မရှိတော့ဘူး၊ မင်းရဲ့ အလှဟာဖြင့် အနိစ္စတရားပဲလို့ ငါ ယုံကြည်လာတယ်၊ ငါ ဘယ်လိုခံစားနေမိ တယ်ဆိုတာ မင်း မေးကြည့်စမ်းပါ၊ မေးရင် ငါ ခံစားရပုံကို အတတ်နိုင်ဆုံး ကြိုးစားပြီး ငါ ဖြေမှာပဲ၊ ဒါပေမဲ့ တစ်ခုတော့ သေချာပါတယ်။ အဲဒါ ငါ တကယ်တမ်း ခံစားနေမိတာရဲ့ တစ်ရာပုံတစ်ပုံတောင် ငါ ပြန်ပြောနိုင်မှာ မဟုတ်ဘူးဆိုတာပဲ"

သူသည် မျက်မှောင်ကြုတ်ပြီး ခဏမျှ ငေးနေ၏။ "အဲဒါ အနုပညာ ပေါ့ဆရာ" ခပ်တိုးတိုး ပြောနေသည်။

"ဘယ်ဟာလဲ"

"ဆရာ ခံစားနေရတယ်ဆိုတာပါ၊ အနုပညာဆိုတာ မရှိဘူးလို့ ဆရာ ပြောဦးမလို့လား၊ သမီးတော့လေ အနုပညာဆိုတာ အရှိပစ္စည်းပဲ၊ ဒီလိုပဲ ခိုင်မာစွာ ယုံကြည်တယ်၊ စိတ်လှိုင်းကလေးတွေဟာ အနုပညာပဲဆရာ၊ အနုပညာဆိုတာ တကယ့်အရှိပစ္စည်းတွေအပေါ်က ပေါ်လာတဲ့ လှိုင်း ကလေးတွေပဲ၊ ခံစားမှုလှိုင်းတွေပေါ့၊ ခု ဆရာပြောနေတဲ့အသံမှာ အဲဒီ ခံစားမှု လှိုင်းတွေ ပြည့်နေပါတယ်ရှင်..."

"ဟော... လှမ်းကြည့်စမ်းပါ၊ ဟိုဘက်ကမ်းက သမီးရဲ့ ငှက်ဖြူ ကလေးတွေ ပျံလာနေကြပြီ၊ သူတို့ အော်လာကြတယ်။ အဲဒီအသံကလေး တွေဟာ ဂီတသံတွေပဲ မဟုတ်လားရှင်၊ ဘယ်လို ဂီတသံတွေလဲ ဆိုတာတော့ ကြားရသူ၊ နားထောင်သူရဲ့ ခံစားတတ်မှုကိုလိုက်ပြီး ကွဲပြားမှာပေါ့။ ဥပမာ

mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာရဲ့ ဒီကျောက်တိုက်ရဲ့ ဝရန်တာပေါ်က လှပခမ်းနားတဲ့၊ စည်းစိမ်ဆန်တဲ့၊ သာယာတဲ့နေရာက နားထောင်နေရင် သူတို့အသံကို မြူးဆတ်တဲ့၊ ကြွရွတဲ့ အရွှင် တေးသံလို့ ခံစားရလိမ့်မယ်"

"ဒါပေမဲ့ မြို့တော်ကြီးရဲ့အစွန်က တဲစုတ်ကလေးမှာနေရတဲ့ လူတွေရဲ့ အသုံးအဆောင် ပစ္စည်းကလေးဖြစ်နေတဲ့၊ အမြဲတမ်း စိတ်နှလုံး ထိခိုက်နေရတဲ့၊ အစဉ်ထာဝရ ငိုကြွေးနေရတဲ့၊ အမျက်ဒေါသသင့်နေရတဲ့... သမီး စကားလုံးကြမ်းကြမ်း သုံးခွင့်ပြုပါ၊ အဲဒီ ဖာသည်မကလေးတစ်ယောက်က နားထောင်ရင် ငှက်ကလေးတွေရဲ့ တေးသံကို ငိုကြွေးနေသံ၊ ရှိုက်သံ၊ ဒေါသပေါက်ကွဲနေသံ၊ နာကြည်းသံ၊ အနိဋ္ဌာရုံအသံ၊ အားကိုးမဲ့တဲ့အသံ၊ ဒီလိုပဲ ကြားရမယ်"

သူ့ကို ငါ စိုက်ငေးကြည့်နေမိသည်။ "သမီး နိုင်ငံရေးစကား ပြောနေတာလား" တိုးသက်စွာ မေးနေမိသည်။

သူသည် ငါ့လက်မောင်းကို သူ့ဖခင်အရင်း လက်ကဲ့သို့ မှီတွယ်ထားနေသည်။ ထို့နောက် အတန်ကြာမျှ ငြိမ်နေပြီးမှ ရုတ်တရက်ဖြစ်ပေါ်လာသကဲ့သို့ ချက်ချင်းပင် ချိုမြစွာ ရယ်မောပြန်သည်။

"နိုင်ငံရေးဆိုတာလည်း လူတွေရဲ့ ခံစားချက်ပဲ မဟုတ်လားရှင်၊ လူတွေရဲ့ ခံစားချက်အသံ၊ တက်ကြွသံ၊ ငိုကြွေးသံ၊ အံကြိတ်သံ၊ ရင့်ကျူးသံ၊ ဒါတွေဟာ အနုပညာပဲမဟုတ်လား၊ ဆရာဟာ လူတွေရဲ့အသံကို ကြောက်နေဟန် တူပြန်ပါတယ်ရှင်"

တစ်ခါ ထပ်၍ ပျော်ရွှင်စွာ ရယ်လိုက်ပြန်သည်။

"လူတွေရဲ့အသံကို ကြောက်လာပြီဆိုရင်၊ ပိတ်ပင်ချင်လာပြီဆိုရင် ဒါဟာ လူတွေနဲ့ ကင်းကွာသွားပြီလို့ ကြွေးကြော်လိုက်တာပေါ့၊ ဆရာဟာ သမီးရဲ့ အများစုတေးသံကို ပိတ်ပင်ချင်လို့လား၊ ကဲ... မိုးလည်းချုပ်ပြီ၊ နေလည်းညိုပြီ၊ သမီးရဲ့ငှက်ကလေးတွေလည်း လာနေကြပြီ၊ ဒါနဲ့ စကားမစပ်ဆရာ၊ သမီး ငှက်ကလေးတွေရဲ့စကားကို နားလည်ပါတယ်ဆိုတာ မယုံသေးဘူးလားဟင်၊ ဒါဟာ စိတ်ကူးယဉ်နေတာမဟုတ်ပါဘူး၊ သူတို့မှာ အသည်းနှလုံးရှိတယ်ဆရာ၊ ခံစားမှုရှိတယ်၊ သူတို့ရဲ့ခံစားမှုကို နှလုံးသားနဲ့ ဖမ်းယူရင် နားလည်နိုင်ပါတယ်၊ ဒါဟာလည်း အနုပညာပဲ မဟုတ်လားရှင်"

mgyoe.com

mgyoe.com SAMPLE BOOK


"မင်းက ကဗျာဆရာပဲ" ဟူ၍ ပြောရန် ငါ တွေးနေမိသော်လည်း မပြောဖြစ်တော့ပေ။

"အေးလေ… ငါလည်း မင်းတို့အရွယ်တုန်းကတော့ စိတ်အားတွေ တက်ကြွနေခဲ့တာပေါ့၊ အနုပညာကို အရိုတရားလို့ ယုံကြည်ခဲ့တာပေါ့၊ ဒါကြောင့်လည်း အနုပညာကို မင်းတို့ထင်တဲ့ ပန်းချီကားတွေ များစွာပဲ ရေးခဲ့တာပေါ့"

သူ့ငှက်ကလေးများသည် ငါ့အနုပညာကျောက်တိုက်၏ ဝရန်တာ အစွန်းသို့ ရောက်လာနေကြ၏။ သူသည်လည်း ငါ့ကို နှုတ်ဆက်ကာ ဝရန်တာစွန်းရှိ ကြိုးလှေကားဖြင့် မြစ်တွင်းသို့ ဆင်းသွားသည်။

သူ့ရွက်လှေကလေးထဲမှ လှမ်းမော့ကြည့်ပြီး ငါ့ကို လက်ပြပြန်သည်။ လှေကို ရွက်တင်လိုက်၏။ လှေကလေးမှာ မြစ်လယ်သို့ တရွေ့ရွေ့ မျောသွားနေသည်။ သူ့ငှက်ဖြူကလေးများသည် လှေနောက်၊ လှေနံဘေး၊ လှေရှေ့ နေရာအနှံ့မှ ဝဲပျံလိုက်သွားကြ၏။ ငှက်လေးများလည်း တေးဆိုသွားကြပါ သည်။

သူလည်း ညနေတိုင်း အပြန်လမ်း၌ သူဆိုနေကျ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ဆိုသွားပါသည်။ သူ့အသံမှာ ဝေးသွားလေလေ ပို၍ ငြိမ့်ညောင်း လေလေ။

"ကြွေးကြော်ရင်းနဲ့ စုစည်းကြမယ်
စုစည်းရင်းနဲ့ ကြွေးကြော်ရမယ်"
သူ့သီချင်းသံမှာ ပျောက်ကွယ်သွားလုလု။
ငါသည် အတွေးလျှဉ်၌ စုံးစုံးနစ်မြုပ်နေသည်။

ငါ့ခေါင်းနှင့်မဆံ့သော မေးခွန်းပေါင်းများစွာသည် မြစ်ပြင်ပေါ်သို့ ပြန့်ဆင်းသွားနေကြသလိုပင်။

ငါ့စိတ်၊ ငါ့အတွေးများသည် သူနှင့် စတင်ဆုံတွေ့ရာသို့ ဗြုန်းခနဲ ရောက်နေပြန်ပါသည်။ ငါ့ခန္ဓာကိုယ်ပါ ထိုနေရာသို့ ရောက်သွားပြန်သည်။

ထိုအခါတွင်ကား "ငါ တွေးနေတာလား၊ ငါ တကယ်ပြန်ဖြစ်နေရ တာလား" ကိုပင် ခွဲခြားမရနိုင်တော့သဖြင့် ငါ့မှာ မောပန်းနေရပြန်သည်။

*

mgyoe.com

mgyoe.com SAMPLE BOOK


ငါ လှေပေါ်မှ ဆင်းလိုက်ရသောအခါ တစ်ဖက်ကမ်းတွင် ရှိရှိသမျှ အရာဝတ္ထုများသည် သက်မဲ့ရုပ်ကြွင်းများအဖြစ်ဖြင့် ငြိမ်သက်ကာ ငါ့ကို စောင့်ဆိုင်းနေကြပါသည်။ သက်ရှိလှိုင်းများသည် အသံမပြည်ရန် ထိန်းသိမ်းကာ ကမ်းစပ်ကို ညင်သာစွာ တိုးဖွေ့နေသည်။ သက်ရှိလေသည်လည်း အသံကို ထိန်းပြီး ညင်သာစွာ တိုက်ခတ်နေသည်။ တစ်ဖက်ကမ်းရှိ အုန်းပင်များသည်လည်း ငါ့ကို ငြိမ်သက်စွာ ငုံ့ကြည့်နေကြသလိုပင်။ ဘာကြောင့်မှန်း မသိ၊ ငါသည်လည်း အသက်ရှူသည်ကိုပင် အသံမြည်သွားမည်စိုးသဖြင့် ဖြည်းဖြည်းရှူနေရသည်။

ငါ ဘယ်နေရာမှာ ရောက်နေပါလိမ့်။

နေရောင်ခြည်များသည်လည်း ဆည်းဆာ၌ စိမ်းပြာရောင် တောက်နေကြ၏။ နေခြည်၏ သိပ္ပံနည်းကျ အရောင်အသွေးမှာ အစိမ်းဖြစ်နေပါ ကလား။ ငါသည် တစ်ချက် လှစ်ခနဲ ပြုံးလိုက်မိ၏။

ငါ့ကို တစ်စုံတစ်ဦးက၊ သို့မဟုတ် ငါနှင့် ရင်းနှီးနေသူ တစ်ဦးဦးက ငေးကြည့်နေသလိုလည်း ငါ့စိတ်၌ ခံစားလာရပြန်သည်။

တကယ်လည်း ငါ့ကို သူသည် အဝေးကြီးကတည်းက လှမ်းမျှော်ကြည့်နေခဲ့ပါသည်။ သူသည် အုန်းဥယျာဉ်ကြီးရှေ့ ကမ်းစပ်ရှိ ကျောက်တန်းပေါ်မှ ကျောက်ဖြူတုံးတစ်ခုအပေါ်တွင် ငြိမ်သက်စွာ ရပ်နေခဲ့သည်။ သူ့ငှက်ဖြူကလေးအချို့သည် ကျောက်တုံးများပေါ်တွင် ဝပ်နေကြသည်။ အချို့သည် သူ့ပခုံးပေါ်တွင် နားနေကြသည်။

သူ့ကို တွေ့မြင်ရသောအခါ ငါ့စိတ်၌ တစ်ခုခုကို လွမ်းလွမ်းဆွေးဆွေး ခံစားနေရသည်။ ကြေကွဲစိတ်ခေါ်မလား၊ ကြည်နူးစိတ်ခေါ်မလား။ ငါသည် ဘာရည်ရွယ်၍မဟုတ်။ သူရှိရာသို့ လျှောက်သွားနေမိသည်။ ငါ့ခြေထောက်များမှာ အေးမြသောရေများနှင့် ထိတွေ့နေရပါသည်။ ကြည်နူးလွန်းသဖြင့် ငါသည် မျက်ရည်ရစ်ဝိုင်းကာ ငိုမိတော့မတတ် ဖြစ်နေရသည်။

ငါကား သူနှင့် မျက်နှာချင်းဆိုင်တွင် ငြိမ်သက်စွာ ရပ်နေမိပါပြီ။

"ဒီနေရာကလေးဟာ တိတ်ဆိတ်တယ်၊ ငြိမ်သက်တယ်၊ အေးငြိမ်းတယ်၊ လှတယ်၊ အနုပညာတွေရဲ့ ဖွားရာဇာတိ နေရာကလေးပဲ" ဟု ငါသည် ဖြည်းလေးစွာ ပြောနေမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူကလည်း ဖြည်းဖြည်းညင်ညင် ပြုံးနေသည်။

"ဆရာ... ဆရာဟာ ပန်းချီဆရာကြီး ဦးဘရင်ကလေးမဟုတ်လား ဟင်" မေးနေသည်။

"ဆရာ့ကို ကျွန်မ သိပါတယ်ရှင်၊ ဆရာ ဟိုဘက်ကမ်းက လှေက လေးနဲ့ ရွက်လွှင့်လာတာ တွေ့ကတည်းက ဒီဘက်ကိုများ ရောက်လာမလား နဲ့ ကျွန်မ မျှော်နေမိတာ၊ ဆရာနဲ့ အသိဖြစ်ချင်လို့ပါရှင်၊ ကျွန်မလေ... ဆရာနဲ့ ခုလို အမှတ်တမဲ့ လာဆုံစည်းဖို့ မျှော်လင့်နေတာ၊ ညနေတိုင်း ဆရာ့လှေကလေး ရွက်လွှင့်လွှင့်နေတာ တွေ့ပါတယ်၊ တစ်နေ့နေ့တော့ ဆရာ ဒီနေရာကို ရောက်လာရမှာပဲဆိုပြီး လာလာစောင့်နေတာ၊ ကျွန်မကို စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေးပဲလို့ ဆရာ ထင်နေမှာပဲ၊ ကဲ... ဆရာဟာ ဦးဘရင်ကလေး မဟုတ်လားရှင်"

ငါ့အတွေးထဲ၌ "ဘရင်ကလေး" ဟူသောအမည်မှာ ထပ်ဆင့် ထပ်ဆင့် ပေါ်ပေါက်နေသည်။

"ဒါဟာ ဗမာတစ်ယောက်ရဲ့နာမည်ပဲ မိန်းကလေးရယ်၊ ဒါဟာ... ဒါဟာ မြန်မာပြည်လားဟင်" ဟူ၍လည်း ငါသည် ပြက်လုံးတစ်ခု ပြက်နေမိ လျက်သားဖြစ်နေသည်။

သူသည်လည်း ကိုယ်ကလေး သိမ့်သိမ့်ခါမျှ ရယ်မောရလေသည်။

သူ့ပခုံးပေါ်မှ ငှက်ကလေးတစ်ကောင်သည် အိပ်တစ်ဝက် နိုးတစ် ဝက်မှ လန့်နိုးလာသည်။ သူ စကားပြော သွက်နေသံမှာလည်း သူ့ရယ်သံ လှိုင်းများအတွင်း၌ ဘောင်ဘင်ခတ်နေသည်။

"ဒါ ဘာပြည်လဲဆိုတာတော့ ကျွန်မလည်း မေ့နေပြီ၊ အလကား နောက်တာပါဆရာရယ်၊ ကျွန်မလေ... ကျွန်မကိုယ်ကျွန်မ ဆရာ့သမီးလို့ စိတ်ထဲမှာ ယုံနေမိတယ်၊ ခံယူထားတယ်၊ ကျွန်မ ပန်းချီလည်း ရေးပါတယ်၊ ကဗျာလည်း ရေးပါတယ်၊ အကျဉ်းတိုက်ထဲမှာ မကြာမကြာ နေဖူးပါတယ်၊ ဒါဆိုရင် ကျွန်မဘယ်သူလဲ ဆရာ သိရောပေါ့ဟင်"

"သိတာပေါ့ကွယ်၊ ဒါလောက် ထင်ရှားနေတာပဲ၊ မင်းဟာ သခင် ကိုယ်တော်မှိုင်းပေါ့၊ ဆရာပြောတာ မလွဲပါဘူးနော်"

ခုတစ်ကြိမ် သူထပ်၍ ရယ်လိုက်ပြန်သောအခါ အစောပိုင်းက

mgyoe.com

mgyoe.com SAMPLE BOOK

တိတ်ဆိတ်ငြိမ်သက်မှုများမှာ ပြောင်းပြန် ပြောင်းလဲသွားနေတော့သည်။ လေများကလည်း အသံပေးပြီး တိုက်ခတ်လာကြသည်။ လှိုင်းဂယက်ကလေးများလည်း အကျဉ်းအနှောင်မှ လွတ်မြောက်လာပြီး အားရစွာ ရယ်မောနေကြသလို ဆူညံစွာ ကမ်းစပ်ကျောက်ဆောင်ကို ရိုက်ပုတ်နေပေပြီ။ ငါ့လှေကလေးမှာ ကမ်းစပ်တစ်နေရာ၌ ယိမ်းထိုးနေသည်။ ငှက်ကလေးများလည်း အိပ်ရာမှ နိုးလာနေကြပြီ။

"စကားမစပ်... မင်း ဆရာ့ပန်းချီသင်တန်းမှာ ပုံစံပြပေးဖို့ ဆရာတောင်းပန်ပါရစေ၊ စကားမစပ် ပြောလိုက်လို့ တန်ဖိုးများ ကျသွားမလား၊ ဆရာ မင်းကိုတွေ့ရတာ အနှစ်နှစ် အလလက ရှာနေတဲ့ ရတနာကို ပြန်တွေ့နေရသလိုပဲ၊ မင်းကို ကြည့်ရေးကြရင် ဆရာ့သင်တန်းသားတွေဟာ ဣတ္ထိယရဲ့ အလှဆုံးပုံရအောင် ဘယ်လိုရေးရမယ်ဆိုတာ သိလာကြမှာပါ၊ မင်းနှုတ်ခမ်းကလေးတွေပေါ်မှာရော... မင်းမျက်လုံးကလေးတွေပေါ်မှာရော... မင်းနှလုံးသားက ပျံ့လွင့်လာတဲ့၊ ဖြူစင်မြင့်မြတ်တဲ့၊ တန်ဖိုးနက်ရှိုင်းလှတဲ့ အလှတရားဟာ လာပေါ်နေတယ်၊ ခုလေ... မင်းကိုကြည့်နေရင်း ဆရာ့စိတ်ထဲမှာ ဆရာ့သမီးကလေးကို သတိရနေမိတယ်၊ ဘာပြုလို့လဲဆိုတော့ ခုနေသာ ဆရာ့သမီးကလေး ရှိနေဦးမယ်ဆိုရင် မင်းလိုပဲနေမှာပဲ၊ မင်းရုပ်ကလေးလိုပဲ နေမှာပဲလို့ ဆရာ တွေးနေမိတာကိုး ကလေးရယ်။ ဆရာ ဟိုတုန်းက အိမ်ထောင်ကျခဲ့ဖူးပါတယ်၊ အနုပညာဆိုတာအပေါ်မှာ ယုံကြည်ချက်ပြင်းထန်လွန်းနေတုန်းကပေါ့ကွယ်၊ ဆရာလည်း အနုပညာ၊ အနုပညာ၊ အနုပညာကလွဲရင် ဘာကိုမှ ဂရုမစိုက်ခဲ့ဘူး၊ ရက်ပေါင်း ၂၀ လောက်မှာ ထမင်းဆယ်နပ်ပြည့်အောင် မစားရတဲ့အခါတွေလည်း ရှိတယ်၊ နောက်ဆုံးတော့ ဆရာ့ဇနီးလည်း သမီးလေးလက်ကိုဆွဲပြီး ဆရာ့ကိုပစ်ပြီး ထွက်သွားတော့တယ်၊ သူ့ကို ဆရာ အပြစ်မတင်ပါဘူး၊ ဘယ်တော့မှလည်း မတင်ရက်ပါဘူး၊ သူ ကျွန်းညို့ညို့ကို သွားတယ်လို့ သတင်းတော့ ကြားရတယ်၊ ကျွန်းညို့ညို့ဘယ်မှာလဲ၊ ဆရာလည်းမသိဘူး၊ ဒီကနေပြီး မိုင်ပေါင်းထောင့်သုံးရာနှစ်ဆယ့်ရှစ်မိုင် ဝေးတယ်လို့တော့ ကြားဖူးတယ်၊ ဆရာ့ဇနီးဟာ ဆရာ့အသက်ပဲ၊ အေးလေ... ဒါတွေ မေ့ထားကြပါစို့၊ ဆရာ့သမီးလေး နာမည်က မြရည်နန္ဒာ တဲ့၊ မြရည်နန္ဒာလို့ နာမည်ပေးထားတယ်"
mgyoe.com

သူ့မျက်လုံးအိမ်၌ မျက်ရည်စကလေးများ ဝဲလာနေပုံကို ငါ ငေးကြည့်နေမိသည်။

"မြရည်နန္ဒာတဲ့လား"

သူက လွန်စွာတိုးစွာ မေးနေသည်။ အတန်ကြာလျှင် သူ့မျက်နှာကို လှိုင်းကြက်ခွပ်များ မို့ကြွနေသည့် မြစ်ပြင်ပေါ်သို့ လှည့်ထားလေသည်။

"ကျွန်မ... ကျွန်မ... ကျွန်မနာမည်လည်း မြရည်နန္ဒာပဲဆရာ" ဟူ၍ တိုးတိတ်စွာ ပြောနေသည်။

"ဒါပေမဲ့ ဆရာရယ်၊ ကျွန်မ ကျွန်းညို့ညို့ဆိုတာလည်း မကြားဖူးဘူး၊ ကျွန်မလေ... ဆရာ့သမီး ဖြစ်လိုက်ချင်ပါတယ်ရှင်၊ ကျွန်မ ဆရာ့ကို ကြိုတင်ပြီး ကြည်ညိုလေးစားပြီးသားပါ၊ ဆရာ့ပန်းချီကားတွေဟာ ကျွန်မနှလုံးသားကို ကားကြက်ပြီး ရေးထားသလိုပါပဲ၊ ဆရာ့အလုပ် လက်မခံခင် ဆရာ့ကို တစ်ခုတော့ ပြောထားပါရစေရှင်၊ ဆရာ့သင်တန်းသားတွေရဲ့ မြုံနေတဲ့စိတ်တွေတော့ သူ့အလိုလို နိုးကြွပေါက်ကွဲကုန်ကြလိမ့်မယ်၊ လူတွေရဲ့ ခံစားချက်အသံ၊ တက်ကြွသံ၊ အံကြိတ်သံ၊ ဒါတွေကို ကျွန်မနဲ့နေရင် သူတို့ ကြားလာကြလိမ့်မယ်"

ငါသည် သူ့စကားများကို ထပ်ပြန်တလဲလဲရွတ်ဆိုကာ ငိုင်တွေနေမိပါသည်။ သူသည် ငါ့မျက်နှာကို စိုက်ကြည့်နေ၏။ မျှော်လင့်ချက်ကြီးစွာဖြင့် စူးစိုက်နေသည်။ ရှုပ်ရှုပ်ထွေးထွေးအဖြစ်ကို ငါ လက်မခံနိုင်သဖြင့် သူ့ကို ငြင်းပယ်လိုက်တော့မည်ဟု ထင်နေပုံရပါသည်။

ငါသည် သင့်လျော်၊ မလျော် မတွေးမိဘဲ သူ့ပခုံးပေါ်သို့ ငါ့လက်များကို ဆန့်တန်း တင်ထားလိုက်မိသည်။ သူကလည်း မရုန်းဖယ်။ ငါ့ကို မော့ကြည့်နေသည်။ သူ့ကို အလုပ်လက်ခံပါရန် တတွတ်တွတ်ပြောနေရင်း မျက်ရည်များ ဝဲလာနေသည်။

ငါ ခေါင်းညိတ်ပြလိုက်မိသည်။

သူသည် ရွှင်လန်းတက်ကြွသွား၏။ "သမီး" ဟု ခေါ်လိုက်လိုစိတ်များမှာ ငါ့နှလုံးသားထဲ၌ ဘယ်အချိန်က ဖြစ်ပေါ်လာခဲ့သည်မသိ။ ထိုအချိန်အခါတွင်ကား သူ့ကို ငါ့သမီးကလေးပဲဟု ယုံကြည်နေပြန်ပါသည်။ ငါသည် အနှစ်နှစ်က ကွဲကွာနေသော ဤသမီးကလေး၏ နဖူးပြင်ကလေးကို

mgyoe.com

mgyoe.com  SAMPLE BOOK 

နမ်းလိုက် ချင်စိတ် ပေါ်လာနေသည်။

"သမီးလေး... နန္ဒာ" ငါသည် စိတ်မထိန်းနိုင်ဘဲ ခေါ်နေမိပြန်သည်။

"သမီးရေ... ဖေဖေ သမီးကို သမီးကလေးလိုချစ်တယ်၊ ဘယ်လောက် ဖြူစင်မြင့်မြတ်တဲ့အချစ်၊ အို... အချစ်မဟုတ်ပါဘူး၊ မေတ္တာတရား၊ ဖေဖေ ပြောမပြတတ်ဘူး၊ သမီးယုံတယ်နော်၊ ဒါပေမဲ့ ဖေဖေဟာ သူစိမ်းယောကျာ်း တစ်ယောက် ဖြစ်နေပါတယ်၊ ဒီအဖြစ်ဟာ ဘယ်လောက်ဝမ်းနည်းစရာ ကောင်းလိုက်သလဲ ကလေးရယ်၊ ဖေဖေ သမီးရဲ့နဖူးကို နမ်းလိုက်ချင်တယ်၊ အနှစ်နှစ်က ကွဲကွာနေပြီး ပြန်တွေ့ရတဲ့ သမီးကလေးကို နမ်းသလို ဒီအတိုင်းပဲ ဖြစ်ပျက်နေပါတယ်လို့ ဖေဖေ့နှလုံးသားထဲမှာ ယုံကြည်နေတယ်၊ ခွင့်ပြုမယ် မဟုတ်လား သမီးလေးနန္ဒာ"

သူသည်လည်း တရှိုက်ရှိုက် ငိုစပြုနေပါပြီ။ သူ့ပါးပေါ်၌ မျက်ရည်များ စီးကျနေပါပြီ။ ငိုနေရင်းမှ သူသည် ခေါင်းတဆတ်ဆတ် ညိတ်ပြနေသည်။

"ပါးစပ်က ပြောပါ" ငါ ပြောနေမိသည်။

"ပြောပါ့မယ်၊ ပြောပါ့မယ်၊ ဟုတ်ကဲ့ပါ ဖေဖေ၊ ဟုတ်ကဲ့ပါရှင်"

ထိုအသံကလေးမှာ ငါ့နှလုံးသားပေါ်မှာ ဖြတ်သန်းနေပါသည်။ သူ့ နဖူးကလေးကို အကြိမ်ကြိမ်နမ်းနေရင်း ငါ့မျက်နှာပေါ်တွင်လည်း မျက်ရည် များ အိုင်ထွန်းလာနေပြန်သည်။

*

ငါ့အတွေးစများမှာ ကြည်နူးဖွယ်ရာများ ပြည့်လျှမ်းနေသော အတိတ် ဒေသများဆီသို့ ပျံ့ဝဲနေကြသည်ဟု ထင်ပါသည်။

ငါ့ပန်းချီသင်တန်း၌ သူ စံပြမယ်လုပ်ပေးနေသည့် ကြည်နူးစရာ ရက်များဝယ် သူက ကဗျာကလေးများကိုရေးကာ ငါ့ကို ဝရန်တာ၌ ရွတ်ပြ ခဲ့သည်များမှာ ငါ့မှာ မေ့နိုင်စရာမရှိ။

"သမီးရဲ့ကဗျာတွေရော၊ ပန်းချီကားတွေရောဟာ ကောင်းကင်လိုပဲ" ဟူ၍ ငါပြောသောအခါ သူသည် ငြိမ်သက်စွာ ပြုံးနေခဲ့သည်။

"အာရုံထွေပြားရတယ်၊ မိုးကောင်းကင်လိုပဲ ဘာမဆို ပုံဖော်တွေးယူ

mgyoe.com

m.gyoe.com SAMPLE BOOK

လို့ရတယ်၊ ဘာမဆို ခံစားလို့ရတယ်၊ မင်းဟာ စိတ်အာရုံခံစားမှု ပန်းချီကား တွေ ရေးစမ်းဖို့ ပိုကောင်းတယ်"

ထိုမှ ငါ သူ့ကို တစ်ဖက်ကမ်းသို့ ပြန်လိုက်ပို့သည့် ညနေများမှာလည်း ငါ့တစ်သက်တာ၌ မေ့ထားရက်နိုင်စရာမရှိဟု တွေးမိပြန်ပါသည်။

မြစ်လယ်၌ သူ့ကို လှေဖြင့် လိုက်ပို့နေစဉ်တွင် သူ့ငှက်ကလေးများသည် လှေပတ်ပတ်လည်မှ ဝဲလှည့်ပျံသန်းနေကြပါသည်။ ရေပြင်မှာလည်း မေတ္တာတရားကြောင့် ထင်၏။ မလှုပ်ယှက်တော့သလို ငြိမ်သက်နေသည်။

"ဖေဖေ့ကိုလေ သမီး ချစ်ပါတယ်" သမီးလေး မြရည်နန္ဒာ၏ ပြောနေသံမှာ နွေးနေပါသည်။

ငါသည်လည်း လှပသော ဆည်းဆာ၏ စိမ်းပြာလဲ့ရောင် နေခြည်အောက်ဝယ် သူ၏ နဖူးကလေးကို ညင်သာစွာ နမ်းနေမိပြန်သည်။

"သမီး" ဟု ခပ်တိုးတိုး ခေါ်နေမိပြန်သည်။

"ဖေဖေ"

"သမီးအသက် ၂၀ နော်"

"၁၈ နှစ်ပါ ဖေဖေ၊ အကျဉ်းတိုက်ထဲမှာ နေခဲ့ရတဲ့နှစ်ကို ပြန်နုတ်ရမှာပေါ့ရှင်၊ ၂၀ ထဲက နှစ်နုတ်တော့ ၁၈ ကျန်"

ငါသည်လည်း သူ့လိုပင် လွတ်လပ်စွာ ရယ်မောနေမိပြန်သည်။

သူ့စကားများမှာ ဘယ်လိုက ဘယ်လို ခုန်ကျော်သွားသည်ကို ငါ မသိလိုက်မီတွင် သူသည် ငါ့ပန်းချီသင်တန်းသားများထဲမှ မောင်ဝဏ္ဏ အကြောင်း ပြောနေပြန်သည်။

"ဖေဖေ့တပည့်ထဲက တစ်ယောက်ကလေ သမီးကို ချစ်နေတယ်တဲ့၊ ဘယ်သူလဲ ဖေဖေ ရိပ်မိမှာပေါ့၊ သမီး ဘာမှမပြောဘူး၊ ပြုံးလာခဲ့တယ်၊ ဘာပြုလို့လဲဆိုတော့ ခုနေအတိုင်းတော့ သူ့ကို သမီးလေ ဘယ်လိုမှ မချစ်နိုင်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ဖေဖေရယ်... သူဟာ ပတ်ဝန်းကျင်ကို မေ့နေတဲ့ လူကိုးရှင့်၊ သူ့ပတ်ဝန်းကျင်က လူသားတွေ ဘယ်လိုခံစားနေကြရတယ်ဆိုတာ မေ့နေတဲ့လူ၊ ဒီလိုပေါ့လေ... သူ့ပန်းချီကားချပ်တွေထဲမှာ မိန်းမောနေတဲ့လူ၊ နစ်မြုပ်နေတဲ့လူ၊ ဘာမဆို ကောင်းပါတယ်ဆိုတဲ့လူ၊ ဘာမဆို ထောက်ခံပါတယ်ဆိုတဲ့လူ၊ ခေါင်းညိတ်နေတဲ့လူ၊ လူ့တန်ဖိုး ကင်းမဲ့

m.gyoe.com